# Information Sheet



## VOLUME XI, ISSUE 7 — 7 December 2021

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်တပ်နယ်ရှိ နယ်မြေခံစက်မှု အင်ဂျင်နီယာသင်တန်းကျောင်းသို့ ကြည့်ရှုစစ်ဆေး | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဦးဝင်းမြင့်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့အား ဇမ္ဗူသီရိမြို့နယ်(သီးသန့်) တရားရုံးက ချမှတ်ထားသော သတ်မှတ်ပြစ်ဒဏ်များအား လျှော့ပေါ့လွတ်ငြိမ်းသက်သာခွင့် ဆောင်ရွက်ပေး | ၃ |
| ၃ | ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၌ တရားမဝင်ခွင့်ပြုချက်မဲ့ ဆူပူ ဆန္ဒပြမှုအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲထိန်းသိမ်းခြင်းများ ဆောင်ရွက်မှုအပေါ် မဟုတ်မမှန်သတင်းဖြန့်လွှင့်မှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန် | ၄ |
| ၄ | အာဆီယံ-ရုရှား ရေတပ်ဆိုင်ရာလေ့ကျင့်ခန်း ASEAN-RUSSIA Naval Exercise (ARNEX-2021) သို့ တက်ရောက်ခဲ့သော တပ်မတော်(ရေ)မှ စစ်ရေယာဉ်(ကျန်စစ်သား) ပြန်လည်ရောက်ရှိ | ၆ |
| ၅ | မြန်မာ့စီးပွားရေးဘဏ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာနတို့၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးများကျင်းပ | ၉ |
| ၆ | ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ | ၁၀ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇ | ဟိုင်းကြီးကျွန်းမြို့နယ် မြန်မာ့ပင်လယ်ပြင်အတွင်း စက်ချွတ်ယွင်းမှုဖြစ်ပွားခဲ့သည့် ငါးဖမ်းစက်လှေမှ လှေသားများအား ကူညီကယ်ဆယ် | ၁၃ |
| ၈ | ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်အတွင်း အကြမ်းဖက်သမားများနှင့် လက်နက်/ခဲယမ်းများ ပို့ဆောင်ပေးလျက်ရှိသည့် တရားခံများအား ဖမ်းဆီးရမိ | ၁၄ |
| ၉ | ရန်ကုန်-မန္တလေးမီးရထားလမ်းအား အကြမ်းဖက်သမားများက ဒေသန္တရလက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီး | ၁၉ |
| ၁၀ | နွားထိုးကြီးမြို့နယ်၌ PDF အမည်ခံအကြမ်းဖက်သမားများ၏ ရက်စက်စွာသတ်ဖြတ်မီးရှို့ခဲ့မှုကြောင့် အမျိုးသား ၃ ဦးနှင့် အမျိုးသမီး ၁ ဦးတို့ မီးလောင်သေဆုံးခဲ့ပြီး အမျိုးသား ၁ ဦးနှင့် အမျိုးသမီး ၁ ဦး ဒဏ်ရာရရှိ | ၂၀ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်တပ်နယ်ရှိ နယ်မြေခံစက်မှု အင်ဂျင်နီယာသင်တန်းကျောင်းသို့ ကြည့်ရှုစစ်ဆေး



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းသားများကိုယ်တိုင်လက်တွေ့ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးနေမှု**


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဒီဇင်ဘာလ ၆ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ပြင်ဦးလွင်တပ်နယ်ရှိ နယ်မြေခံစက်မှုအင်ဂျင်နီယာသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များအား စက်မှုအင်ဂျင်နီယာသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် နေမျိုးဦးက သင်တန်းကျောင်းသမိုင်းအကျဉ်း၊ သင်တန်းများဖွင့်လှစ်ဆောင်ရွက်ပေးနိုင်မှု၊ သင်ထောက်ကူပစ္စည်းများအား အဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှုနှင့် သင်တန်းကျောင်းအား အဆင့်မြှင့်တင်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က–

- တပ်မတော်အတွင်း ဖွင့်လှစ်သင်ကြားလျက်ရှိသည့် စက်မှုအင်ဂျင်နီယာသင်တန်းကျောင်းများအနေဖြင့် အခြေခံသင်ရိုးညွှန်းတမ်းများအား တူညီမှုရှိစွာဆောင်ရွက်ရမည်ဖြစ်ကြောင်း။
- ယခုသင်တန်းကျောင်းသည် အခြေခံအကျဆုံးသော စက်မှုဆိုင်ရာဘာသာရပ်များကို သင်ကြားပေးရသည့် သင်တန်းကျောင်းတစ်ခုဖြစ်ပြီး သင်တန်းဆင်းသူများအနေဖြင့် တပ်မတော်အတွင်း စက်မှုဆိုင်ရာလိုအပ်ချက်များကို သက်ဆိုင်ရာ ဘာသာရပ်များအလိုက် ကျွမ်းကျင်ပိုင်နိုင်စွာ ထမ်းဆောင်နိုင်ရေး သင်ကြားပို့ချပေးနိုင်ရမည်ဖြစ်ကြောင်း။
- သင်တန်းသားများ၏ စားသောက်နေထိုင်ရေးတို့အား ဆောင်ရွက်ပေးရာတွင် သတ်မှတ်နှုန်းထားများအတိုင်း ပြည့်မီစွာ ဆောင်ရွက်ရန်လိုပြီး သင်တန်းသားများအနေဖြင့် သင်ခန်းစာကို ရာနှုန်းပြည့်သင်ယူလေ့လာနိုင်ရမည်ဖြစ်ကြောင်းနှင့် သင်ခန်းစာများအတွက်လိုအပ်သည့် သင်ထောက်ကူပစ္စည်းများကိုလည်း ပြည့်စုံစွာဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုအပ်မည်ဖြစ်ကြောင်း။
- သင်တန်းသားများအနေဖြင့် ၎င်းတို့သင်ယူထားသည့် သင်ခန်းစာများအား လက်တွေ့နယ်ပယ်တွင် အမှန်တကယ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်တပ်နယ်ရှိ နယ်မြေခံစက်မှုအင်ဂျင်နီယာသင်တန်းကျောင်းသို့ ကြည့်ရှုစစ်ဆေးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ





လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးက သင်တန်းကျောင်းအဆင့်မြှင့်တင်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြနေမှု





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းသား/သူများ၏ စာတွေ့လက်တွေ့ သင်ခန်းစာများ သင်ယူနေမှုအခြေအနေများကို လိုက်လံကြည့်ရှုနေမှု





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ခင်းကျင်းပြသထားသည့် ပစ္စည်းများနှင့် သင်ကြားရေးအထောက်အကူပြုအလုပ်ရုံ နေရာချထားမှုများကို လိုက်လံကြည့်ရှုနေမှု

အသုံးချနိုင်ရေး လူမှန်နေရာမှန် တာဝန်ပေးအပ်ရန်လိုအပ်ကြောင်း မှာကြားခဲ့။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းကျောင်းအတွင်း လှည့်လည်၍ သင်တန်းဆောင်များအတွင်း သင်တန်းသား၊ သင်တန်းသူများ၏ ဘာသာရပ်အလိုက် သင်ယူနေမှုအခြေအနေများ၊ သင်တန်းအထောက်အကူပြု သရုပ်ပြစက်ပစ္စည်းကိရိယာများကို အသုံးပြု၍ သင်တန်းသားများကိုယ်တိုင် လက်တွေ့ဆောင်ရွက်နေမှု အခြေအနေများ၊ သင်တန်းကျောင်းအဆင့်မြှင့်တင်ရေးအတွက် အဆောက်အဦများ ထပ်မံတိုးချဲ့ဆောက်လုပ်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

**(မြဝတီသတင်းစာ ၇-၁၂-၂၀၂၁)**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်တပ်နယ်ရှိ နယ်မြေခံစက်မှုအင်ဂျင်နီယာသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့။**
- **တပ်မတော်အတွင်း ဖွင့်လှစ်သင်ကြားလျက်ရှိသည့် စက်မှုအင်ဂျင်နီယာသင်တန်းကျောင်းများအနေဖြင့် အခြေခံသင်ရိုးညွှန်းတမ်းများအား တူညီမှုရှိစွာ ဆောင်ရွက်ရမည်ဖြစ်။**
- **သင်တန်းသားများအနေဖြင့် ၎င်းတို့သင်ယူထားသည့် သင်ခန်းစာများအား လက်တွေ့နယ်ပယ်တွင် အမှန်တကယ်အသုံးချနိုင်ရေး လူမှန်နေရာမှန် တာဝန်ပေးအပ်ရန်လိုအပ်။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဦးဝင်းမြင့်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့အား ဇမ္ဗူသီရိမြို့နယ်(သီးသန့်) တရားရုံးကချမှတ်ထားသော သတ်မှတ်ပြစ်ဒဏ်များအား လျှော့ပေါ့လွတ်ငြိမ်းသက်သာခွင့် ဆောင်ရွက်ပေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ ဦးဝင်းမြင့်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့အား သတ်မှတ်ပြစ်ဒဏ်များအလိုက် တရားရုံးကချမှတ်ထားသည့် ထောင်ဒဏ်(၄)နှစ်မှ ထောင်ဒဏ်(၂)နှစ်ကို လွတ်ငြိမ်းသက်သာခွင့်ပြုပြီး၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၄၁၊ ပုဒ်မခွဲ(၁)အရ ကျခံရန်ကျန်ရှိသည့် ထောင်ဒဏ် (၂)နှစ်ကို လက်ရှိထိန်းသိမ်းထားသည့်နေရာ၌ပင် ကျခံစေရန် အမိန့်ထုတ်ပြန်၍ ပြစ်ဒဏ်မှ လျှော့ပေါ့လွတ်ငြိမ်းသက်သာခွင့်များဆောင်ရွက်ပေးခဲ့ပါသည်။



ဦးဝင်းမြင့်



ဒေါ်အောင်ဆန်းစုကြည်

## သတင်းထုတ်ပြန်ချက်

နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်(သီးသန့်)တရားရုံးတွင် တရားရင်ဆိုင်လျက်ရှိသည့် ဦးဝင်းမြင့်သည် ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၃၆/၂၀၂၁ ဖြင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေပုဒ်မ ၂၅ ကို ဖောက်ဖျက်ကျူးလွန်ခဲ့ကြောင်း ပြစ်မှုထင်ရှားစီရင်ပြီး ထောင်ဒဏ်(၂)နှစ်ကိုလည်းကောင်း၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၃၅/၂၀၂၁ ဖြင့် ရာဇသတ်ကြီးပုဒ်မ ၅၀၅၊ ပုဒ်မခွဲ(ခ)ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ပြီး ထောင်ဒဏ်(၂)နှစ်ကိုလည်းကောင်း ကျခံစေရန်အတွက် ယနေ့တွင် ပြစ်ဒဏ်များချမှတ်ခဲ့သည်။

အလားတူ အဆိုပါတရားရုံးတွင် ဒေါ်အောင်ဆန်းစုကြည်သည်လည်း ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃၇/၂၀၂၁ ဖြင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေပုဒ်မ ၂၅ ကို ဖောက်ဖျက်ကျူးလွန်ခဲ့ကြောင်း ပြစ်မှုထင်ရှားစီရင်ပြီး ထောင်ဒဏ်(၂)နှစ်ကိုလည်းကောင်း၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၃၅/၂၀၂၁ ဖြင့် ရာဇသတ်ကြီးပုဒ်မ ၅၀၅၊ ပုဒ်မခွဲ(ခ)ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားပြီး ထောင်ဒဏ်(၂)နှစ်ကိုလည်းကောင်းကျခံစေရန်အတွက် ယနေ့တွင် ပြစ်ဒဏ်များချမှတ်ခဲ့သည်။

တရားဥပဒေစိုးမိုးရေးအတွက် တည်ဆဲဥပဒေနှင့်အညီ မှန်ကန်မျှတစွာ တရားစီရင်မှုကို နိုင်ငံသားအားလုံးက လေးစားလိုက်နာခံယူကြရမည်ဖြစ်ပါသည်။ သို့သော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအနေဖြင့် ဦးဝင်းမြင့်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့အပေါ် တရားရုံးကချမှတ်ခဲ့သည့် ထောင်ဒဏ် ၄ နှစ်စီအနက် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ ထောင်ဒဏ်(၂)နှစ်ကို လွတ်ငြိမ်းသက်သာခွင့်ပြုပြီး ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၄၁၊ ပုဒ်မခွဲ(၁)အရ ကျခံရန်ကျန်ရှိသည့် ထောင်ဒဏ်(၂)နှစ်အား လက်ရှိထိန်းသိမ်းထားသည့်နေရာ၌ပင်ကျခံစေရန် အမိန့်ထုတ်ပြန်၍ ပြစ်ဒဏ်မှ လျှော့ပေါ့လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီသတင်းစာ ၇-၁၂-၂၀၂၁)**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ ဦးဝင်းမြင့်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့အပေါ် တရားရုံးကချမှတ်ခဲ့သည့် ထောင်ဒဏ် ၄ နှစ်မှ ထောင်ဒဏ်(၂)နှစ်ကို လွတ်ငြိမ်းသက်သာခွင့်ပြုပြီး၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၄၁၊ ပုဒ်မခွဲ(၁)အရ ကျခံရန်ကျန်ရှိသည့် ထောင်ဒဏ်(၂)နှစ်ကို လက်ရှိထိန်းသိမ်းထားသည့်နေရာ၌ပင် ပြစ်ဒဏ်မှလျှော့ပေါ့လွတ်ငြိမ်းသက်သာခွင့်များ ဆောင်ရွက်ပေးခဲ့။**

## ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၌ တရားမဝင်ခွင့်ပြုချက်မဲ့ ဆူပူဆန္ဒပြမှုအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲထိန်းသိမ်းခြင်းများ ဆောင်ရွက်မှုအပေါ် မဟုတ်မမှန်သတင်းဖြန့်လွှင့်မှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းပင်ကြီးလမ်း၌ ဒီဇင်ဘာလ ၅ ရက်တွင် တရားမဝင်ခွင့်ပြုချက်မဲ့ လူတစ်စုမှဆူပူအော်ဟစ်မှုများပြုလုပ်ပြီး ဆူပူအော်ဟစ်ဆန္ဒပြမှုများမှတစ်ဆင့် လမ်းများပိတ်ဆို့ခြင်း၊ မီးလောင်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်စေရန် ရည်ရွယ်လုပ်ဆောင်မှုများအဖြစ် အဆင့်ဆင့်လုပ်ဆောင်လာခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲထိန်းသိမ်းခဲ့သည့်ဖြစ်စဉ်အပေါ် အချို့သော သံရုံးများနှင့် သတင်းမီဒီယာများ၊ လူမှုရေးကွန်ရက်စာမျက်နှာများပေါ်တွင် မဟုတ်မမှန်ထုတ်ပြန်ချက်များ ထုတ်ပြန်ခြင်း၊ သတင်းအမှားများဖြန့်ချိခြင်းတို့ကို လုပ်ဆောင်လျက်ရှိသဖြင့် ဖြစ်စဉ်အမှန်အား အောက်ပါအတိုင်းသတင်းထုတ်ပြန်ထားကြောင်း သိရှိရပါသည်။

## သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်း(တောင်/အနောက်)ရပ်ကွက်၊ ပန်းပင်ကြီးလမ်း၌ ဒီဇင်ဘာလ ၅ ရက် နံနက်ပိုင်းတွင် တရားမဝင်ခွင့်ပြုချက်မဲ့လူတစ်စုမှ ဆူပူအော်ဟစ်မှုများပြုလုပ်နေကြောင်း ဆူပူမှုကိုမလိုလားသောပြည်သူအချို့၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါနေရာသို့သွားရောက်၍ လူစုခွဲထိန်းသိမ်းဆောင်ရွက်ခဲ့ရာ ဘိုဘိုစံ(၂၀)နှစ် (ဘ)ဦးမြင့်နိုင်၊ မောင်ကောင်း (၂၆)နှစ် (ဘ)ဦးမျိုးလင်း၊ ကျော်ဇင်ခန့် (၂၀)နှစ် (ဘ)ဦးအောင်ဇော်ထွန်း၊ အာကာကျော်(၁၉)နှစ်(ဘ)ဦးဇာနည်ထွန်း၊ ကိုကိုနိုင် (၂၀)နှစ် (ဘ)ဦးမျိုးစိန်၊ မင်းမင်းဦး (၂၆)နှစ် (ဘ)ဦးဝင်းဦး၊ မင်းဟိန်းခန့် (၂၁)နှစ် (ဘ)ဦးတင်သန်း၊ စည်သူ (၂၈)နှစ် (ဘ)ဦးစိုးမြင့်၊ ကရေဇင်(ခ)မှူးရတနာ (၂၅)နှစ် (ဘ)ဦးတင်လှအောင်၊ မြကြူကြူသင်း (၂၉)နှစ်(ဘ)ဦးကျော်မင်းအောင်နှင့် ယဉ်မေအောင် (၁၅)နှစ် (ဘ)ဦးဇာနည်ထွန်းတို့အား ဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖမ်းဆီးရမိသူများအနက်မှ ဘိုဘိုစံမှာ ဦးခေါင်းနှင့်လက်မောင်း ပေါက်ပြဲဒဏ်ရာ၊ မောင်ကောင်းမှာ ဦးခေါင်းနှင့်ယာဘက်ဒူးခေါင်းပွန်းပဲ့ဒဏ်ရာ၊ ကရေဇင်(ခ) မှူးရတနာ မှာ ဦးခေါင်းပေါက်ပြဲဒဏ်ရာနှင့် ဝဲဘက်ခြေသလုံးရိုးကျိုးဒဏ်ရာများ အသီးသီးရရှိခဲ့ပြီး ဒဏ်ရာရရှိသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက နီးစပ်ရာနယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူလျက်ရှိစေလျက်ရှိကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

လက်ရှိအချိန်သည် နိုင်ငံတော်အား အရေးပေါ်အခြေအနေအဖြစ်ကြေညာထားပြီး အစိုးရအနေဖြင့် တိုင်းပြည်အေးချမ်းသာယာမှုရရှိစေရေး ဆောင်ရွက်လျက်ရှိသည့် ကာလတွင် လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းအချို့၏ သွေးထိုးမြှောက်ပင့်ပေးမှုကြောင့် တရားမဝင် ဆူပူအော်ဟစ်ဆန္ဒပြမှုများပြုလုပ်ရန် ကြိုးစားလုပ်ဆောင်လျက်ရှိကြောင်း တွေ့ရှိရသည်။

ထိုကဲ့သို့ တရားမဝင်ခွင့်ပြုချက်မဲ့ ဆူပူအော်ဟစ်ဆန္ဒပြမှုများမှတစ်ဆင့် လမ်းများပိတ်ဆို့ခြင်း၊ မီးလောင်ဖုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်စေရန် ရည်ရွယ်လုပ်ဆောင်မှုများအဖြစ် အဆင့်ဆင့်လုပ်ဆောင်လာခဲ့ကြောင်း တွေ့ရှိရသည်။

၎င်းကဲ့သို့ ဆူပူဆန္ဒပြမှုများသည် အများပြည်သူထိခိုက်နစ်နာ၍ အသက်အန္တရာယ်ကိုပါ စိုးရိမ်ရသည့် အခြေအနေသို့ မရောက်ရှိစေရန်အတွက် တရားမဝင်ခွင့်ပြုချက်မဲ့ ဆူပူအော်ဟစ်ဆန္ဒပြသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ခဲ့ပြီး ထိုသို့ဆောင်ရွက်မှုတွင် လူသေဆုံးမှုမရှိခဲ့ဘဲ ထိခိုက်ဒဏ်ရရှိသူ ၃ ဦးသာရှိခဲ့ပြီး နီးစပ်ရာတပ်မတော်ဆေးရုံတွင် အနီးကပ်ကြပ်မတ်ကုသဆောင်ရွက်ပေးလျက်ရှိသည်။

အထက်ပါဖြစ်စဉ်နှင့်ပတ်သတ်၍ အချို့သော သံရုံးများနှင့် သတင်းမီဒီယာများ၊ လူမှုရေးကွန်ရက်စာမျက်နှာများပေါ်တွင် မဟုတ်မမှန်ထုတ်ပြန်ချက်များ ထုတ်ပြန်ခြင်း၊ သတင်းအမှားများဖြန့်ချိခြင်းတို့ဖြင့် ပြည်သူလူထုအား ထိတ်လန့်စိုးရိမ်မှုများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်လုပ်ဆောင်လျက်ရှိကြောင်း တွေ့ရှိရသည်။

ယခုကဲ့သို့ တရားမဝင်ဆူပူအော်ဟစ်ဆန္ဒပြမှုများမှတစ်ဆင့် အကြမ်းဖက်လုပ်ရပ်များ ဖြစ်ပွားလာစေရန် လူပုဂ္ဂိုလ်အချို့နှင့် အဖွဲ့အစည်းအချို့၏ သွေးထိုးလှုံ့ဆော်မှုများကို ပြည်သူလူထုအနေဖြင့် နားမယောင်မိစေရန်နှင့် သတင်းမှန်အား သိရှိနိုင်စေရေးအတွက် ထုတ်ပြန်အပ်ပါသည်။

**(မြဝတီသတင်းစာ ၇-၁၂-၂၀၂၁)**

- **လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားမဝင်ခွင့်ပြုချက်မဲ့ လူတစ်စုမှဆူပူအော်ဟစ်မှုများပြုလုပ်ခဲ့သည့် ဖြစ်မှုကျူးလွန်သူကျား(၈)ဦး၊ မ(၃)ဦး တို့အား ဖမ်းဆီးရမိခဲ့။**
- **ဖြစ်စဉ်နှင့်ပတ်သတ်၍ အချို့သော သံရုံးများနှင့် သတင်းမီဒီယာများ၊ လူမှုရေးကွန်ရက်စာမျက်နှာများပေါ်တွင် မဟုတ်မမှန်ထုတ်ပြန်ချက်များ ထုတ်ပြန်ခြင်း၊ သတင်းအမှားများဖြန့်ချိခြင်းတို့ဖြင့် ပြည်သူလူထုအား ထိတ်လန့်စိုးရိမ်မှုများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်လုပ်ဆောင်လျက်ရှိ။**

# အာဆီယံ-ရုရှား ရေတပ်ဆိုင်ရာလေ့ကျင့်ခန်း ASEAN-RUSSIA Naval Exercise (ARNEX-2021) သို့ တက်ရောက်ခဲ့သော တပ်မတော်(ရေ)မှ စစ်ရေယာဉ်(ကျန်စစ်သား) ပြန်လည်ရောက်ရှိ




**အာဆီယံ-ရုရှား ရေတပ်ဆိုင်ရာလေ့ကျင့်ခန်း ASEAN-RUSSIA Naval Exercise (ARNEX-2021) သို့ တက်ရောက်ခဲ့သော တပ်မတော်(ရေ)မှ စစ်ရေယာဉ်(ကျန်စစ်သား)အား တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များက ကြိုဆိုနှုတ်ဆက်နေမှု**

အင်ဒိုနီးရှားနိုင်ငံ၊ ဆူမားတြားကမ်းလွန်ပင်လယ်ပြင်တွင် ဒီဇင်ဘာ ၁ ရက်မှ ၃ ရက် အထိ ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံ-ရုရှား ရေတပ်ဆိုင်ရာလေ့ကျင့်ခန်း ASEAN-RUSSIA Naval Exercise(ARNEX-2021)သို့ တက်ရောက်ခဲ့သော တပ်မတော်(ရေ)မှ စစ်ရေယာဉ် (ကျန်စစ်သား)သည် ဒီဇင်ဘာလ ၆ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။

- စစ်ရေယာဉ်(ကျန်စစ်သား)သည် အာဆီယံ-ရုရှားရေတပ်ဆိုင်ရာ လေ့ကျင့်ခန်းသို့ တက်ရောက်ရန်အတွက် နိုဝင်ဘာ ၂၆ ရက်တွင် ရန်ကုန်မြို့မှ စတင်ထွက်ခွာခဲ့ပြီး နိုဝင်ဘာ ၃၀ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ၊ BELAWAN ဆိပ်ကမ်းအနီးသို့ ရောက်ရှိခဲ့။
- ASEAN-RUSSIA Naval Exercise(ARNEX-2021) ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁ ရက်တွင် ကျင်းပခဲ့ရာ အခမ်းအနားသို့ အာဆီယံဆိုင်ရာ ရုရှားသံအမတ်ကြီး Mr. Alexander Ivanov၊ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး Mr. Lyudmila Vorobyeva၊ အာဆီယံနိုင်ငံများမှ တာဝန်ရှိသူများ၊ စစ်သံမှူးများ တက်ရောက်ကြပြီး လေ့ကျင့်ခန်းတွင်ပါဝင်သည့် စစ်ရေယာဉ်များမှ Virtual Conferencing ဖြင့် တက်ရောက်ခဲ့။
- စစ်ရေယာဉ်(ကျန်စစ်သား)သည် ဒီဇင်ဘာ ၁ ရက်မှ ၃ ရက် အထိ အာဆီယံနှင့် ရုရှားရေတပ်တို့မှ စစ်ရေယာဉ်များ၊ လေယာဉ်/ရဟတ်ယာဉ်များနှင့်အတူ ဆူမားတြားကမ်းလွန်ပင်လယ်ပြင်တွင် ရေယာဉ်များပုံပြုမောင်းနှင်ခြင်း၊ သံသယဖြစ်ဖွယ်ရေယာဉ်များအား ရှာဖွေထောက်လှမ်းခြင်းနှင့် ရေယာဉ်ပေါ်သို့ တက်ရောက်ရှာဖွေစီးနင်းခြင်း၊ အချက်ပြဆက်သွယ်ခြင်း၊ ကာကင်းထုတ်ချီတက်ခြင်း၊ ပျက်စီးထိန်းဆောင်ရွက်မှု၊ စစ်နည်းဗျူဟာဆိုင်ရာသင်ခန်းစာများ အပြန်အလှန်မေးမြန်းခြင်း၊ ပင်လယ်ပြင်ထောက်ပံ့ဖြည့်တင်းရေးဆောင်ရွက်ခြင်း၊ ရေယာဉ်များပေါ်သို့ ရဟတ်ယာဉ်ဆင်းသက်ခြင်း၊ ညအချိန် ရေယာဉ်အုပ်လိုက် ချီတက်ခုတ်မောင်းခြင်း၊ ရှာဖွေကယ်ဆယ်ရေးစသည့် လေ့ကျင့်ခန်းများကို ဆောင်ရွက်ခဲ့။
- ဒီဇင်ဘာလ ၃ ရက် နေ့လယ်ပိုင်းတွင် လေ့ကျင့်ခန်းပြီးဆုံး၍ ပိတ်ပွဲအခမ်းအနားကို ပင်လယ်ပြင်တွင်ဆောင်ရွက်ခဲ့ပြီး စစ်ရေယာဉ်များအချင်းချင်း အပြန်အလှန်နှုတ်ဆက်ခဲ့။

အာဆီယံ-ရုရှား ရေတပ်ဆိုင်ရာလေ့ကျင့်ခန်း ASEAN-RUSSIA Naval Exercise (ARNEX- 2021)တွင် မြန်မာနိုင်ငံမှ စစ်ရေယာဉ်(ကျန်စစ်သား)၊ ရုရှားနိုင်ငံမှ ဖျက်သင်္ဘော Admiral Panteleyev တို့အပါအဝင် အင်ဒိုနီးရှား၊ မလေးရှား၊ ဘရူနိုင်း၊




တပ်မတော်(ရေ)မှ စစ်ရေယာဉ်(ကျန်စစ်သား)

စင်ကာပူ၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့မှ စစ်ရေယာဉ် ၈ စီး၊ ရဟတ်ယာဉ် ၃ စင်းနှင့် ပင်လယ်ရေကြောင်းကင်းထောက်လေယာဉ် ၁ စင်းတို့ ပါဝင်ခဲ့ကြပြီး လာအို၊ ကမ္ဘောဒီးယားနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ လေ့လာသူကိုယ်စားလှယ်များ စေလွှတ်တက်ရောက်ခဲ့ကြသည်။

ယခု လေ့ကျင့်ခန်းသည် ရုရှားနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား နှစ်ပေါင်း ၃၀ ကြာ ဆက်ဆံရေးခိုင်မြဲသည့် အထိမ်းအမှတ်အဖြစ် ဒေသတွင်းတည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုနှင့် အချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ရရှိရန် လေ့ကျင့်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ရုရှားနိုင်ငံနှင့် မဟာဗျူဟာမြောက် အာဆီယံမိတ်ဖက်နိုင်ငံများအကြား သမိုင်းစာမျက်နှာသစ်တစ်ခု ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် အာဆီယံ-ရုရှားရေတပ်များ ပူးတွဲလေ့ကျင့်သည့် ပထမဦးဆုံးသော ရေတပ်လေ့ကျင့်ခန်းတစ်ခုဖြစ်ကြောင်း သိရှိရသည်။

တပ်မတော်(ရေ)မှ စစ်ရေယာဉ်(ကျန်စစ်သား)သည် ယခုခရီးစဉ်တစ်လျှောက် စုစုပေါင်း ရေမိုင်(၃၀၀၀)မိုင်ခန့်ကို ခရီးနှင်ခဲ့ပြီး ပင်လယ်ရေကြောင်းဆိုင်ရာ လုံခြုံရေးအတွက် ဦးတည်ဆောင်ရွက်သည့် အာဆီယံ-ရုရှားရေတပ်ဆိုင်ရာလေ့ကျင့်ခန်းတွင် အောင်မြင်စွာ ပူးပေါင်းလေ့ကျင့်ဆောင်ရွက်နိုင်ခဲ့ပါသည်။

**(မြဝတီသတင်းစာ ၇-၁၂-၂၀၂၁)**

- **အာဆီယံ-ရုရှားရေတပ်ဆိုင်ရာလေ့ကျင့်ခန်း ASEAN-RUSSIA Naval Exercise (ARNEX-2021)တွင် မြန်မာနိုင်ငံမှ စစ်ရေယာဉ်(ကျန်စစ်သား)၊ ရုရှားနိုင်ငံမှ ဖျက်သင်္ဘော Admiral Panteleyev တို့အပါအဝင် အင်ဒိုနီးရှား၊ မလေးရှား၊ ဘရူနိုင်း၊ စင်ကာပူ၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့မှ စစ်ရေယာဉ် ၈ စီး၊ ရဟတ်ယာဉ် ၃ စင်းနှင့် ပင်လယ်ရေကြောင်းကင်းထောက်လေယာဉ် ၁ စင်းတို့ ပါဝင်ခဲ့။**
- **ရုရှားနိုင်ငံနှင့် မဟာဗျူဟာမြောက် အာဆီယံမိတ်ဖက်နိုင်ငံများအကြား သမိုင်းစာမျက်နှာသစ်တစ်ခု ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ပြီး အာဆီယံ-ရုရှားရေတပ်များ ပူးတွဲလေ့ကျင့်သည့် ပထမဦးဆုံးသော ရေတပ်လေ့ကျင့်ခန်းတစ်ခုဖြစ်။**
- **တပ်မတော်(ရေ)မှ စစ်ရေယာဉ်(ကျန်စစ်သား)သည် ယခုခရီးစဉ်တစ်လျှောက် စုစုပေါင်း ရေမိုင်(၃၀၀၀)မိုင်ခန့်ကို ခရီးနှင်ခဲ့ပြီး ပင်လယ်ရေကြောင်းဆိုင်ရာ လုံခြုံရေးအတွက် ဦးတည်ဆောင်ရွက်သည့် အာဆီယံ-ရုရှားရေတပ်ဆိုင်ရာလေ့ကျင့်ခန်းတွင် အောင်မြင်စွာ ပူးပေါင်းလေ့ကျင့်ဆောင်ရွက်နိုင်ခဲ့။**

## အာဆီယံ-ရုရှား ရေတပ်ဆိုင်ရာလေ့ကျင့်ခန်း ASEAN-RUSSIA Naval Exercise (ARNEX-2021) မှတ်တမ်းဓာတ်ပုံများ














# မြန်မာ့စီးပွားရေးဘဏ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာနတို့၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးများကျင်းပ





စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ဒီဇင်ဘာလ ၆ ရက်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၌ ကျင်းပသည့် မြန်မာ့စီးပွားရေးဘဏ်၏ ဘဏ်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးနှင့် ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကောက်ခံမှုနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးများသို့ တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။

မြန်မာ့စီးပွားရေးဘဏ်လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က–

- ငွေထုတ်ယူမှု၊ ငွေသားလိုအပ်ချက်၊ ငွေသယ်ယူမှု၊ ပင်စင်လစာထုတ်ပေးမှုနှင့် ATM စက်များတွင် ငွေထုတ်ယူမှုစသည့်လုပ်ငန်းများကို မြန်မာ့စီးပွားရေးဘဏ်နှင့် သက်ဆိုင်ရာဒေသဆိုင်ရာတာဝန်ရှိသူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း။
- ပြည်သူများနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ဘဏ်ငွေသွင်းငွေထုတ်ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စွာ ဝန်ဆောင်မှုပေးရန်နှင့် မသမာမှုများမရှိစေရန် လိုအပ်ကြောင်းပြောကြားခဲ့။

အခွန်ကောက်ခံမှုနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင်–

- မြန်မာနိုင်ငံ၏ အခွန်ရငွေနှင့် GDP အချိုးသည် အခြားနိုင်ငံများနှင့်နှိုင်းယှဉ်ပါက နည်းနေသေးသည်ကို တွေ့ရှိရပြီး အခွန်စနစ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဆယ်စုနှစ်အတွင်း (International Monetary Fund–IMF) အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများမှ နည်းပညာအကူအညီများရယူပြီးဆောင်ရွက်ခဲ့ရာ ယခင်အခွန်ရုံးမှစည်းကြပ်သည့် အခွန်စနစ်အစား ယခုအခါ အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့် အခွန်စနစ်သို့ တိုးတက်ရောက်ရှိလာကြောင်း။
- တန်ဖိုးဖြည့်အခွန်စနစ်(Value Added Tax– VAT) ဖြင့် အခွန်တိုးမြှင့်ကောက်ခံရရှိနိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် အခွန်အခြေ (tax base) တိုးချဲ့ဖော်ထုတ်ရေးနှင့် အဆင်ပြေလွယ်ကူစွာ အခွန်ပေးဆောင်နိုင်ရေးတို့အတွက် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း။
- အခွန်ရှောင်တိမ်းမှုများ၊ မသမာမှုများကို ဖော်ထုတ်၍ အရေးယူဆောင်ရွက်သွားမှသာ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ငွေများကို ပြည့်ပြည့်ဝဝ ကောက်ခံရရှိနိုင်မည်ဖြစ်ပြီး နိုင်ငံတော်၏ရည်မှန်းချက်များကို ပြည့်မီစွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့။

အဆိုပါအစည်းအဝေးများသို့ တက်ရောက်လာကြသော သက်ဆိုင်ရာတာဝန်ရှိသူများ၏ တင်ပြချက်များကို ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြေရှင်းပေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၇–၁၂–၂၀၂၁)**

- ပြည်သူများနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ဘဏ္ဍာငွေသွင်းငွေထုတ်ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စွာ ဝန်ဆောင်မှုပေးရန်နှင့် မသမာမှုများမရှိစေရန်လိုအပ်။
- တန်ဖိုးဖြည့်အခွန်စနစ်(Value Added Tax- VAT)ဖြင့် အခွန်တိုးမြှင့်ကောက်ခံရရှိနိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိ။
- အခွန်ရှောင်တိမ်းမှုများ၊ မသမာမှုများကိုဖော်ထုတ်၍ အရေးယူဆောင်ရွက်သွားမှသာ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ငွေများကို ပြည့်ပြည့်ဝဝ ကောက်ခံရရှိနိုင်မည်ဖြစ်ပြီး နိုင်ငံတော်၏ ရည်မှန်းချက်များကို ပြည့်မီစွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်။

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ



**တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို သတ်မှတ်အအေးစံချိန်စံညွှန်းများနှင့်အညီ တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးနေမှု**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော Quarantine Center များအား ဆက်လက်ဖွင့်လှစ်ပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးပေးခြင်းတို့အား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်-

- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလ ၆ ရက်တွင် ဒုတိယအကြိမ် ပြည်သူစုစုပေါင်း ၁၁၅,၅၆၂ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၂၃၂,၈၇၂ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူများ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှုမှာ ဒီဇင်ဘာလ ၆ ရက်တွင် ဒုတိယအကြိမ်အဖြစ် ၃၁,၄၂၃ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ၉,၅၆၅ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး ဒီဇင်ဘာလ ၆ ရက်အထိ စုစုပေါင်း ၁,၃၆၄,၁၄၅ ဦး ကာကွယ်ဆေးထိုးနှံပြီးစီးခဲ့ပြီးဖြစ်။
- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ သံတွဲမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ မြိတ်မြို့၊ ကော့သောင်းမြို့များသို့ သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တပ်မတော် (လေ) မှ လေယာဉ်များ၊ မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိ။




**တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို သတ်မှတ်အအေးစံချိန်စံညွှန်းများနှင့်အညီ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးနေမှု**

- ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ်၌ ခရီးသွားဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် နှာခေါင်းစည်းအစု ၂,၀၀၀ ကျော် အခမဲ့ဖြန့်ဝေပေးခဲ့။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများအား ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရန်အတွက် ဆောင်ရွက်ပေးလျက်ရှိရာ-

- ဒီဇင်ဘာလ ၆ ရက်တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၊ ကျိုင်းတုံပို့ကုန်သွင်းကုန်ရုံးနှင့် မြဝတီကုန်သွယ်ရေးဇုန်တို့မှ တင်သွင်းရာ၌ ကုမ္ပဏီ ၆ ခုမှ ယာဉ် ၁၆ စီးဖြင့် အောက်ဆီဂျင် (အရည်) Bowser ယာဉ် ၁ စီးဖြင့် ၁၉ တန်နှင့် နှာခေါင်းစည်း (Mask) ၉၃ တန်တို့ကို တင်သွင်းနိုင်ခဲ့။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါရှိ/မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလ ၆ ရက်တွင် ဓာတ်ခွဲနမူနာ စုစုပေါင်း ၁၆,၈၈၄ ခုအား စစ်ဆေးခဲ့ပြီး၊ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၃၁ ဦးဖြင့် ရောဂါပိုးတွေ့ရှိမှု ၁.၃၇ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၆-၁၂-၂၀၂၁ ရက်အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း ၅,၆၉၈,၂၀၁ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၂၄,၆၃၈ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၁၄၆ ဦး ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၇-၁၂-၂၀၂၁)**

- **တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလ ၆ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၁၅,၅၆၂ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၂၃၂,၈၇၂ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။**
- **တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူ စုစုပေါင်း ၁,၃၆၄,၁၄၅ ဦး ကာကွယ်ဆေးထိုးနှံပြီးစီးခဲ့ပြီးဖြစ်။**
- **၆-၁၂-၂၀၂၁ ရက်အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း ၅,၆၉၈,၂၀၁ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၂၄,၆၃၈ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၁၄၆ ဦးဖြစ်ပြီး ၆-၁၂-၂၀၂၁ ရက်တွင် ရောဂါပိုးတွေ့ရှိမှု ၁.၃၇ ရာခိုင်နှုန်းရှိ။**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများ




တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှု



ထန်းတပင်မြို့နယ်တွင် အသက်(၁၂)နှစ် အထက် ကျောင်းသား၊ ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှု



မြစ်ကြီးနားမြို့ တိုက်ပွဲရှောင်စခန်း (IDP Camp) တွင် နေထိုင်လျက်ရှိသော အင်ဂျန်းယန်မြို့နယ်မှ ပြည်သူများအား ကိုဗစ် -၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှု




ပြည်ပမှ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ တင်သွင်းနေမှု

# ဟိုင်းကြီးကျွန်းမြို့နယ် မြန်မာ့ပင်လယ်ပြင်အတွင်း စက်ချွတ်ယွင်းမှုဖြစ်ပွားခဲ့သည့် ငါးဖမ်းစက်လှေမှ လှေသားများအား ကူညီကယ်ဆယ်



**စက်ချွတ်ယွင်းမှုဖြစ်ပွားခဲ့သည့် ငါးဖမ်းစက်လှေမှ လှေသားများအား တပ်မတော်(ရေ)မှ တပ်မတော်သားများက ဆေးကုသခြင်းများ ဆောင်ရွက်ပေးနေမှု**

ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းမြို့၊ ကျောက်ချောင်းကျေးရွာနေ ဦးဖိုးဇော်ပိုင်ဆိုင်သည့် ငါးဖမ်းလှေ ၁ စီးသည် ဒီဇင်ဘာလ ၄ ရက်တွင် ဟိုင်းကြီးကျွန်းမြို့၏ အရှေ့တောင်ဘက် ရေမိုင် ၁၈.၅ မိုင်အနီး၌ စက်ချွတ်ယွင်းမှုကြောင့် ပုလဲကျောက်တန်းပေါ်တင်၍ တိမ်းစောင်းမှုဖြစ်ပွားနေကြောင်း သတင်းအရ တပ်မတော်(ရေ)၏ လုပ်ငန်းတာဝန်များဖြစ်သည့် ကဏ္ဍကြီး ၄ ရပ်မှ စာနာအကူအညီပေးရေးကဏ္ဍတွင် ပါဝင်သည့် ပင်လယ်ပြင်တွင် ဘေးဒုက္ခရောက်သူများအား အကူအညီပေးရေးလုပ်ဆောင်ချက်နှင့်အညီ တပ်မတော်သားများက စစ်ရေယာဉ်ဖြင့် သွားရောက်ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါ စက်လှေတွင် လှေသား ၂၆ ဦးပါဝင်ပြီး တပ်မတော်သားများက ၎င်းတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ငါးဖမ်းလှေမှ ပစ္စည်းများအား ကူညီရွှေ့ပြောင်းပေးခြင်းနှင့် လှေသားများအား သက်ဆိုင်ရာနေရာသို့ ပြန်လည်ပို့ဆောင်ပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၇-၁၂-၂၀၂၁)**

- **ကျောက်ချောင်းကျေးရွာနေ ဦးဖိုးဇော်ပိုင်ဆိုင်သည့် ငါးဖမ်းလှေ ၁ စီးသည် ဒီဇင်ဘာလ ၄ ရက်တွင် ဟိုင်းကြီးကျွန်းမြို့၏ အရှေ့တောင်ဘက် ရေမိုင် ၁၈.၅ မိုင်အနီး၌ စက်ချွတ်ယွင်းမှုကြောင့် ပုလဲကျောက်တန်းပေါ်တင်၍ တိမ်းစောင်းမှုဖြစ်ပွားခဲ့။**
- **တပ်မတော်သားများက လှေသားများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ငါးဖမ်းလှေမှ ပစ္စည်းများအား ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သက်ဆိုင်ရာနေရာသို့ ပြန်လည်ပို့ဆောင်ပေးခြင်းများ ဆောင်ရွက်ခဲ့။**





စက်ချွတ်ယွင်းမှုဖြစ်ပွားခဲ့သည့် ငါးဖမ်းစက်လှေမှ လှေသားများအား တပ်မတော်(ရေ)မှ တပ်မတော်သားများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု

## ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်အတွင်း အကြမ်းဖက်သမားများနှင့် လက်နက်/ခဲယမ်းများ ပို့ဆောင်ပေးလျက်ရှိသည့် တရားခံများအား ဖမ်းဆီးရမိ




**ပုသိမ်မြို့နယ်၊ စက်ကုန်းရပ်၌ သိမ်းဆည်းရမိသည့် လက်နက်နှင့် ဖောက်ခွဲရေးပစ္စည်းများ**

အကြမ်းဖက်အဖွဲ့အစည်းများက နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန် ရည်ရွယ်၍ ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ သတ်ဖြတ်ခြင်းတို့အား ဆောင်ရွက်နိုင်မှုမရှိစေရေး ဖော်ထုတ်ဖမ်းဆီးမှုများ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလ ၂ ရက်တွင် လုံခြုံရေးပူးပေါင်းအဖွဲ့သည် ပုသိမ်မြို့နယ်အတွင်း အကြမ်းဖက်သမားများနှင့် ချိတ်ဆက်ဆောင်ရွက်နေသည့် စိုးပိုင်ဦးနှင့် အောင်ကျော်တို့ ၂ ဦးအား ပုသိမ်မြို့နယ်၊ (၉)ရပ်ကွက်၊ သင်္ဘောကျင်းတွင် ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများအား စိစစ်ဖော်ထုတ်ချက်များအရ-

- ဒီဇင်ဘာလ ၂ ရက်တွင် တရားခံ ၅ ဦးအား ဒီတိုနေတာ ၅ ချောင်း၊ လက်လုပ်သေနတ်ပြုလုပ်ရန်ဆင်ထားသည့် ပိုက် ၃ ခု၊ Gas Gun ၃ ခု၊ Laptop ၁ လုံး၊ သံလိုက်အိမ်မြှောင် ၂ ခုတို့နှင့်အတူ ဖမ်းဆီးရမိခဲ့။
- ဒီဇင်ဘာလ ၃ ရက်တွင် တရားခံ ၃ ဦးအား ထပ်မံဖမ်းဆီးရမိခဲ့။
- ဒီဇင်ဘာလ ၄ ရက်တွင် တရားခံ ၁ ဦးအား ဖမ်းဆီးရမိခဲ့ကာ ၎င်း၏ထွက်ဆိုချက်အရ ပိတောက်ချောင်းကုန်းကျေးရွာရှိ ဖမ်းဆီးရန်ကျန် အေးသောင်း နေအိမ် အနောက်ဘက်၌ ပစ္စတိုသေနတ် ၁ လက်၊ ပွိုင့် ၃၈၀ ပစ္စတိုကျည် ၁၉ တောင့်၊ ကျည်အိမ် ၂ ခု တို့အား သိမ်းဆည်းရမိခဲ့ပြီး ပုသိမ်



**ပုသိမ်မြို့နယ်၊ ဝိတောက်ချောင်းကုန်းကျေးရွာရှိ တရားခံ အေးသောင်း နေအိမ်၌ ဖမ်းဆီးရမိသည့် ပစ္စတိုနှင့် ခဲယမ်းများ**

မြို့၊ (၁၀)ရပ်ကွက်ရှိ ဖမ်းဆီးရန်ကျန် ဒေါ်မြနှစ် နေအိမ်၌ ယမ်းထုပ် ၅ ထုပ်၊ ချိန်ကိုက်မိုင်းပြုလုပ်ရာတွင် အသုံးပြုသည့် စားပွဲတင် နာရီ ၁၀ လုံး၊ ဒီတိုနေတာ ၅၀ ချောင်းနှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့။

- ဒီဇင်ဘာလ ၅ ရက်တွင် ငပုတောမြို့နယ်၊ ခြေတော်ရာဘုန်းကြီးကျောင်းအား ပူးပေါင်းအဖွဲ့ဖြင့် သွားရောက်ရှင်းလင်းခဲ့ရာ ဥူးပညာနန္ဒ(ခ) ကြည်ညွန့် အပါအဝင် တရားခံ ၅ ဦးအား ပစ္စတို ၁ လက်၊ ကျည်အိမ် ၂ ခု၊ ၉မမကျည် ၂၀ တောင့်၊ M 16 ၁ လက်၊ ကျည်အိမ် ၄ ခု၊ ၅.၅၆ ကျည် ၉၆ တောင့်၊ ပွိုင့်-၂၂ သေနတ် ၁ လက်၊ ကျည် ၆၈ တောင့်၊ ရှေ့ထွက်မိုင်း ၃ လုံး၊ ကျောပိုးအိတ် ၅ လုံး၊ Keypad ဖုန်း ၈ လုံး၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့။
- ဖြစ်စဉ်တွင် တရားခံ ကျား ၁၄ ဦး၊ မ ၂ ဦး၊ ပေါင်း ၁၆ ဦးတို့အား လက်နက်မျိုးစုံ ၄ လက်၊ ကျည်အိမ်မျိုးစုံ ၈ ခု၊ ကျည်မျိုးစုံ ၂၀၃ တောင့်၊ ရှေ့ထွက်မိုင်း ၃ လုံး၊ ဒီတိုနေတာ ၅၅ ချောင်း၊ ယမ်းထုပ် ၅ ထုပ်၊ လက်လုပ်သေနတ်ပြုလုပ်ရန် ဆင်ထားသည့် ပိုက် ၃ ခု၊ Laptop ၁ လုံး၊ သံလိုက်အိမ်မြှောင် ၂ ခု၊ ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့။

တရားခံများမှ လက်နက်/ခဲယမ်းများ ပို့ဆောင်ပေးခဲ့မှုအနေဖြင့်-

- KNLA တပ်မဟာ(၆)တွင် ထွက်ပြေးတိမ်းရှောင်နေသူ ဖမ်းဆီးရန်ကျန် ဂျပန်ကြီးမှ ရန်ကုန်မြို့နေ ဖမ်းဆီးရန်ကျန် ဖိုးလပြည့်(ခ)လပြည့်နှင့် ချိတ်ဆက်၍ လက်နက်/ ခဲယမ်းများအား ဂက်စ်အိုးများအတွင်း ထည့်သွင်းကာ ရန်ကုန်-ပုသိမ်ပြေးဆွဲသော ခရီးသည်တင်ယာဉ်များဖြင့် စိုးပိုင်ဦးထံ ပို့ဆောင်ခဲ့ကြောင်း။
- ၎င်းမှတစ်ဆင့် လက်နက်သယ်ဆောင်ပေးမည့်သူများဖြစ်သည့် ဘယ်ကျော်ထံသို့ လည်းကောင်း၊ ဖမ်းဆီးရန်ကျန် ချစ်ပိုင်စိုးမှတစ်ဆင့် ခင်သန်းထံသို့ လည်းကောင်း၊ ဖမ်းဆီးရန်ကျန် ဆရာဇော်မှတစ်ဆင့် ပုသိမ်မြို့၊ (၁၀) ရပ်ကွက်နေ ဖိုးထွေးထံသို့ လည်းကောင်း၊ ဖမ်းဆီးရန်ကျန် တရားခံဖြစ်သည့် ရဲခေါင်မှတစ်ဆင့် ငပုတောမြို့နယ်၊ ခြေတော်ရာဘုန်းကြီးကျောင်းရှိ ဥူးပညာနန္ဒ(ခ)ကြည်ညွန့်၊ ဖမ်းဆီးရန်ကျန် တိုက်ဂါး၊ ဆိတ်ကြီး၊ ကောင်းကောင်းတို့ထံသို့ ပေးပို့ထားရှိခဲ့။
- ဂျပန်ကြီးမှ ပေးပို့သည့် ဒီတိုနေတာများနှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများအား စိုးပိုင်ဦးသည် ကိုဖြိုးမှတစ်ဆင့် မအူပင်မြို့နယ်နေ ဖမ်းဆီးရန်ကျန် ကျားကြီးထံသို့ လည်းကောင်း၊ ကြံခင်းမြို့နယ်နေ ဖမ်းဆီးရန်ကျန် မတင်ညွန့်ထံသို့လည်းကောင်း ခရီးသည်တင်ယာဉ်လိုင်းများဖြင့် ပို့ဆောင်ပေးခဲ့ကြောင်းနှင့် စိုးယုကျော်သည် ရဲခေါင်မှပေးပို့သည့် ဖောက်ခွဲရေးပစ္စည်းများအား ငပုတောမြို့နယ်၊ လဲလောင်းကျေးရွာရှိ အေးမြင့်ထံပေးပို့ခဲ့ရာ ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် အေးမြင့်၊ ရဲခေါင်၊ တိုက်ဂါး၊ ဆိတ်ကြီးနှင့် ကောင်းကောင်းတို့ ၅ ဦးမှ လက်လုပ်မိုင်းများ ပြုလုပ်ခဲ့ပြီး ဖမ်းဆီးရန်ကျန် မင်းမင်းဦးမှ လက်လုပ်မိုင်းများအား လဲလောင်းကျေးရွာနေ ဖမ်းဆီးရန်ကျန် တူကယ် ထံသို့ ပို့ဆောင်ခဲ့။



ငပုတောမြို့နယ်၊ လဲလောင်းကျေးရွာအနီး၌ သိမ်းဆည်းရမိသည့် ဖောက်ခွဲရေးပစ္စည်းများ

တရားခံများ၏ ထွက်ဆိုချက်အရ ယခုဖမ်းဆီးရမိ တရားခံများသည် ဖမ်းဆီးရန်ကျန် ပုသိမ် PDF အကြမ်းဖက်အဖွဲ့မှ နန္ဒ၏ စေခိုင်းမှုဖြင့် အစိုးရ၏အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန် ရည်ရွယ်၍ နိုင်ငံဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများအား ဒလန်ဟု စွပ်စွဲကာ လုပ်ကြံသတ်ဖြတ်ခြင်း၊ ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်၍ အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လက်နက်/ခဲယမ်းများနှင့် ဖောက်ခွဲရေးပစ္စည်းများအား ပို့ဆောင်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရပါသည်။


တည်ငြိမ်အေးချမ်းစွာနေထိုင်လိုသော ပြည်သူများက PDF အကြမ်းဖက်သမားများ၏ ဥပဒေမဲ့ မင်းမဲ့စရိုက်ဆန်စွာ လုပ်ဆောင်မှုများကို ရွံရှာစက်ဆုပ်နေကြပြီး ၎င်းတို့၏ သတင်းများကို သိရှိရသည်နှင့်တစ်ပြိုင်နက် လုံခြုံရေးတပ်ဖွဲ့ဝင်များအား သတင်းပေးပို့မှုများကြောင့် အကြမ်းဖက်သမားများကို ဖမ်းဆီးနိုင်ခဲ့သလို အဆိုပါအကြမ်းဖက်သမားများ၏ လူသားချင်းစာနာစိတ်ကင်းမဲ့စွာဖြင့် လုပ်ဆောင်နေမှုများ ဆက်လက်လုပ်ဆောင်နိုင်ခြင်းမပြုလုပ်နိုင်စေရန်နှင့် လုံခြုံမှုပိုမိုဆောင်ရွက်ပေးနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ အကြမ်းဖက်အဖွဲ့များထံ လူ၊ လက်နက်၊ခဲယမ်းများနှင့် ဖောက်ခွဲရေးပစ္စည်းများအား ပို့ဆောင်ပေးလျက်ရှိသော ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေးဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၇-၁၂-၂၀၂၁)**

- **ဖြစ်စဉ်တွင် တရားခံ ကျား ၁၄ ဦး၊ မ ၂ ဦး၊ ပေါင်း ၁၆ ဦးတို့အား လက်နက်မျိုးစုံ ၄ လက်၊ ကျည်အိမ်မျိုးစုံ ၈ ခု၊ ကျည်မျိုးစုံ ၂၀၃ တောင့်၊ ရှေ့ထွက်မိုင်း ၃ လုံး၊ ဒီတို နေတာ ၅၅ ချောင်း၊ ယမ်းထုပ် ၅ ထုပ်၊ လက်လုပ်သေနတ်ပြုလုပ်ရန် ဆင်ထားသည့် ပိုက် ၃ ခု၊ Laptop ၁ လုံး၊ သံလိုက်အိမ်မြှောင် ၂ ခု၊ ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့။**
- **KNLA တပ်မဟာ(၆)တွင် ထွက်ပြေးတိမ်းရှောင်နေသူ ဖမ်းဆီးရန်ကျန် ဂျပန်ကြီးမှ ရန်ကုန်မြို့နေ ဖမ်းဆီးရန်ကျန် ဖိုးလပြည့်နှင့် ချိတ်ဆက်၍ လက်နက်/ ခဲယမ်းများအား ဂက်စ်အိုးများအတွင်း ထည့်သွင်းကာ ရန်ကုန်-ပုသိမ် ပြေးဆွဲသော ခရီးသည်တင်ယာဉ်များဖြင့် လက်နက်များပို့ဆောင်ပေးခဲ့။**
- **ဖမ်းဆီးရန်ကျန် ပုသိမ် PDF အကြမ်းဖက်အဖွဲ့မှ နန္ဒ၏စေခိုင်းမှုဖြင့် အစိုးရ၏အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန် ရည်ရွယ်၍ နိုင်ငံဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲကာ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများတွင် အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လက်နက်/ခဲယမ်းများနှင့် ဖောက်ခွဲရေးပစ္စည်းများအား ပို့ဆောင်ခြင်းများ ဆောင်ရွက်ခဲ့။**

# ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်အတွင်း အကြမ်းဖက်သမားများနှင့် လက်နက်/ခဲယမ်းများ ပို့ဆောင်ပေးလျက်ရှိသည့် တရားခံများအားဖမ်းဆီးရရှိမှု အခြေပြဇယား






ပုသိမ်မြို့နယ်၊ (၁၀)ရပ်ကွက်၌ သိမ်းဆည်းရမိသည့် ဖောက်ခွဲရေးပစ္စည်းများ

## ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်အတွင်း အကြမ်းဖက်သမားများနှင့်အတူ ဖမ်းဆီးရမိသည့် လက်နက်/ ခဲယမ်းများ




ငပုတောမြို့နယ်၊ လဲလောင်းကျေးရွာအနီး၌ ဖမ်းဆီးရမိသည့် လက်နက်/ခဲယမ်းများ



ပုသိမ်မြို့၊ (၁၀)ရပ်ကွက်၊ စက်ကုန်းလမ်းနေ တရားခံ ဖိုးထွေး၏နေအိမ်မှ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ

# ရန်ကုန်-မန္တလေးမီးရထားလမ်းအား အကြမ်းဖက်သမားများက ဒေသန္တရလက်လုပ်မိုင်းဖြင့် ဖောက်ခွဲဖျက်ဆီး



အကြမ်းဖက်အဖွဲ့များအနေဖြင့် အများပြည်သူ အသုံးပြုလျက်ရှိသည့် ကားလမ်း၊ ရထားလမ်းများကို မိုင်းထောင်၊ ဖောက်ခွဲဖျက်ဆီးလျက်ရှိရာ ဒီဇင်ဘာလ ၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တောင်သမန်ကျေးရွာအုပ်စု၊ ရန်ကုန်- မန္တလေးမီးရထားလမ်း မိုင်တိုင် (၃၆၄/၅)နှင့် မိုင်တိုင် (၃၆၄/၆)အကြားရှိ ရထား သံလမ်းကို ဒေသန္တရလက်လုပ်မိုင်း ၂ လုံးဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ပါသည်။

ထိုသို့ ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းကြောင့် ရထားသံလမ်းပျက်စီးမှုမရှိဘဲ ဖြတ်သန်းခုတ်မောင်းနေသော ရန်ကုန်-မန္တလေး ကုန်တင်ရထား အဆန်အမှတ်(GT-2096)၏ အတွဲအမှတ်(၃) စားအုန်းဆီတွဲ အောက်ခြေကြမ်းခင်းအနည်းငယ်ပျက်စီးခဲ့ပြီး စားအုန်းဆီကန် ဆီယိုစိမ့်မှုဖြစ်ပေါ်ခဲ့ပါသည်။

NUG/PDF အကြမ်းဖက်အဖွဲ့များနှင့် ၎င်းတို့၏ လက်အောက်ခံအကြမ်းဖက်အဖွဲ့များသည် အများပြည်သူများ၏ နေ့စဉ်ဘဝတွင်အရေးပါသည့် ပို့ဆောင်ဆက်သွယ်ရေးယာဉ်များနှင့် လမ်းကြောင်းများကို ပစ်မှတ်ထား အကြမ်းဖက်တိုက်ခိုက်လျက်ရှိပါသည်။ အဆိုပါအကြမ်းဖက်လုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူများ၏ လုပ်ငန်းဆောင်တာများ နှောင့်နှေးခဲ့ရပြီး လူမှုစီးပွားများထိခိုက်နစ်နာခဲ့ရပါသည်။ သို့ဖြစ်ပါ၍ တည်ငြိမ်အေးချမ်းစွာ လုပ်ကိုင်စားသောက်လိုသည့် ပြည်သူများက NUG/PDF အကြမ်းဖက်အဖွဲ့များ၏ စဉ်းစားဆင်ခြင်မှုကင်းမဲ့သည့် အစွန်းရောက်အကြမ်းဖက်လုပ်ရပ်များအား ရွံရှာမုန်းတီးလျက်ရှိပါသည်။

အများပြည်သူအသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများကို ဖောက်ခွဲဖျက်ဆီးခဲ့သော အကြမ်းဖက်အဖွဲ့များအမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းသိရှိရပါသည်။

**(မြဝတီသတင်းစာ ၇-၁၂-၂၀၂၁)**

- **ဒီဇင်ဘာလ ၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တောင်သမန်ကျေးရွာအုပ်စု၊ ရန်ကုန်- မန္တလေး မီးရထားလမ်း မိုင်တိုင် (၃၆၄/၅)နှင့် မိုင်တိုင် (၃၆၄/၆)အကြားရှိ ရထားသံလမ်းကို ဒေသန္တရလက်လုပ်မိုင်း ၂ လုံးဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့။**
- **ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းကြောင့် ရထားသံလမ်းပျက်စီးမှုမရှိဘဲ ဖြတ်သန်းခုတ်မောင်းနေသော ရန်ကုန်-မန္တလေး ကုန်တင်ရထား အဆန်အမှတ်(GT-2096)၏ အတွဲအမှတ်(၃)စားအုန်းဆီတွဲ အောက်ခြေကြမ်းခင်း အနည်းငယ်ပျက်စီးခဲ့ပြီး စားအုန်းဆီကန် ဆီယိုစိမ့်မှုဖြစ်ပေါ်ခဲ့။**

# နွားထိုးကြီးမြို့နယ်၌ PDF အမည်ခံအကြမ်းဖက်သမားများ၏ ရက်စက်စွာသတ်ဖြတ် မီးရှို့ခဲ့မှုကြောင့် အမျိုးသား ၃ ဦးနှင့် အမျိုးသမီး ၁ ဦးတို့ မီးလောင်သေဆုံးခဲ့ပြီး အမျိုးသား ၁ ဦးနှင့် အမျိုးသမီး ၁ ဦး ဒဏ်ရာရရှိ



**နွားထိုးကြီးမြို့နယ်ရှိ လက်ဝဲမြင်းနီကျေးရွာ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ၎င်း၏နေအိမ်အား PDF အကြမ်းဖက်အဖွဲ့က ရက်စက်စွာ သတ်ဖြတ်မီးရှို့မှု**

မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၌ PDF အမည်ခံအကြမ်းဖက်သမားများ၏ ရက်စက်စွာသတ်ဖြတ်မီးရှို့ခဲ့မှုကြောင့် ကျေးရွာအုပ်ချုပ်ရေးမှူးအပါအဝင် အမျိုးသား ၃ ဦးနှင့် အမျိုးသမီး ၁ ဦးတို့ မီးလောင်သေဆုံးကာ အမျိုးသား ၁ ဦးနှင့် အမျိုးသမီး ၁ ဦး ဒဏ်ရာရရှိခဲ့ပါသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာလ ၅ ရက်တွင် နွားထိုးကြီးမြို့နယ်၊ လက်ဝဲမြင်းနီကျေးရွာနေ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဆန်းဝင်း (၅၃)နှစ်သည် နေအိမ်၌ ၎င်း၏မိသားစုဝင်များ၊ ကျေးရွာရပ်မိရပ်ဖ ဦးဟန်ဝင်း (၄၈)နှစ်တို့နှင့်အတူ စကားပြောနေစဉ် လက်နက်ငယ်များ ကိုယ်စီကိုင်ဆောင်ထားသည့် PDF အမည်ခံအကြမ်းဖက်သမား ၇ ဦးက ဆိုင်ကယ် ၄ စီးဖြင့် ရောက်ရှိလာပြီး သေနတ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ကာ နေအိမ်အတွင်း လက်လုပ်ဗုံးများဖောက်ခွဲ၍ နေအိမ်အားမီးရှို့ကာ ပြန်လည်ထွက်ခွာသွားခဲ့ပါသည်။

အကြမ်းဖက်သမားများ၏ ရက်စက်စွာပစ်သတ်မီးရှို့ခဲ့မှုကြောင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဆန်းဝင်း၊ သားဖြစ်သူ မောင်ဝေမင်းသူ (၂၅)နှစ်၊ ချွေးမဖြစ်သူ မခိုင်စိုးရည် (၃၀)နှစ်နှင့် ဦးဟန်ဝင်းတို့ ၄ ဦးမှာ နေအိမ်အတွင်း မီးလောင်သေဆုံးခဲ့ပါသည်။ ဦးဆန်းဝင်း၏ ဇနီးဖြစ်သူ ဒေါ်သန်းသန်းဆင့် (၅၂)နှစ်၏ ယာပေါင်တွင်ကျည်ထိမှန် ဒဏ်ရာတစ်ချက်နှင့် သားဖြစ်သူ မောင်ဖိုးလယ် (၁၇)နှစ်၏ ဝဲလက်မောင်းတွင် ကျည်ထိမှန် ဒဏ်ရာတစ်ချက်ဖြင့် အသီးသီးထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။

ယခုဖြစ်စဉ်သည် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားသော NUG အဖွဲ့၏ စေခိုင်းမှု၊ လက်နက်ခဲယမ်း ထောက်ပံ့မှုများကြောင့် PDF အမည်ခံအကြမ်းဖက်သမားများသည် တည်ငြိမ်အေးချမ်းစွာနေထိုင်လိုသည့် အပြစ်မဲ့ပြည်သူများအား တရားဥပဒေမဲ့အကြမ်းဖက်တိုက်ခိုက်ပြီး ရက်ရက်စက်စက်လုပ်ကြံသတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်တစ်ခုဖြစ်ပါသည်။ NUG/ PDF အကြမ်းဖက်အဖွဲ့များသည် ၎င်းတို့အားမထောက်ခံသည့် ပြည်သူများအား ဒလန်အဖြစ်စွပ်စွဲပြီး အကြောင်းမဲ့သတ်ဖြတ်လျက်ရှိသောကြောင့် ပြည်သူလူထုက စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူလူထုနှင့်ပူးပေါင်းပြီး ရပ်ရွာတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့်လုံခြုံရေးအစီအမံများ တိုးမြှင့်လုပ်ဆောင်ပေးလျက်ရှိပါသည်။



ဒေါ်သန်းသန်းဆင့်(ဒဏ်ရာရ)



ဖိုးလယ်(ဒဏ်ရာရ)

အကြမ်းဖက်သမားများ၏ မီးရှို့ခဲ့မှုကြောင့် ဦးဆန်းဝင်း၏နေအိမ် မီးလောင်ပျက်စီးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား ဆေးကုသမှုခံယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက မြင်းခြံမြို့ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ပါသည်။ အခင်းဖြစ်ရာနေရာအနီးမှ အကြမ်းဖက်သမားများ ပစ်ခတ်အသုံးပြုခဲ့သည့် ၁၂ ဗို့ကျည်ခွံ ၂ ခု၊ ၅.၅၆ ကျည် ခွံ ၆၀ ခုနှင့် ၇.၆၂ ကျည်ခွံ ၇၉ ခုတို့အားသိမ်းဆည်းရမိခဲ့ပါသည်။ ထိုကဲ့သို့ နိုင်ငံတော်၏ တည်ငြိမ်ရေးကိုမလိုလားဘဲ ကျေးရွာအုပ်ချုပ်ရေးတာဝန်ရှိသူများအား ရက်စက်စွာ သတ်ဖြတ်မီးရှို့မှုကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးနှင့် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းသိရှိရပါသည်။

**(မြဝတီသတင်းစာ ၇-၁၂-၂၀၂၁)**

- **မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၌ PDF အကြမ်းဖက်သမားများ၏ ရက်စက်စွာသတ်ဖြတ်မီးရှို့ခဲ့မှုကြောင့် ကျေးရွာအုပ်ချုပ်ရေးမှူးအပါအဝင် အမျိုးသား ၃ ဦးနှင့် အမျိုးသမီး ၁ ဦးတို့ မီးလောင်သေဆုံးကာ အမျိုးသား ၁ ဦးနှင့် အမျိုးသမီး ၁ ဦး ဒဏ်ရာရရှိခဲ့။**
- **အခင်းဖြစ်ရာနေရာအနီးမှ အကြမ်းဖက်သမားများ ပစ်ခတ်အသုံးပြုခဲ့သည့် ၁၂ ဗို့ ကျည်ခွံ ၂ ခု၊ ၅.၅၆ ကျည်ခွံ ၆၀ ခုနှင့် ၇.၆၂ ကျည်ခွံ ၇၉ ခုတို့အား သိမ်းဆည်းရမိခဲ့။**